ARSPH
Arakan Rohingya Society for Peace & Human Rights

ARAKAN ROHINGYA SOCIETY FOR PEACE & HUMAN RIGHTS (ARSPH)

Email: info@arsph.org, arsphofficial@gmail.com
Facebook: @arsphrofficial, Twitter: @arsphrofficial, Instagram: arsph_official
Whatsapp: +15195214539, +8801883480941
KUTUPALONG ROHINGYA REFUGEE CAMP, UKHIYA, COX'S BAZAR, BANGLADESH

# ထုတ်ပြန်ချက်

ရက်စွဲ -၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်

စစ်ကောင်စီနှင့်ရက္ခိုင့်တပ်တော်(AA)တို့သည် ရိုဟင်ဂျာလူမျိုးများ အပေါ်နေ့စဉ်နှင့်အမျှ လူမဆန်စွာ ရက်စက်ကြမ်းကြုတ်မှုနှင့် ရာဇဝတ် မှုများကျူးလွန်နေသည်ကို တွေ့ရ၍ကျွန်တော်တို့ လူ့အခွင့်အရေး နှင့် ငြိမ်းချမ်းရေးအတွက် ရိုဟင်ဂျာအဖွဲ့၊ အာရ်ကန်ပြည် **Arakan Rohingya Society for Peace and Human Rights (ARSPH)**သည် အလွန်တရာစိတ် မကောင်းဖြစ်မိပါသည်။

၂၀၂၄ ခု၊ဇွန်လ ၉ ရက်နေ့တွင် မောင်တောမြို့မြောက်ပိုင်းရှိ ဟာဘီးကျေးရွာ (Hainr Fara)ကို စစ်ကောင်စီက ဒရုန်းများဖြင့်တိုက်ခိုက်ရာ ရိုဟင်ဂျာ မိသားစုနှစ်စုမှ အနည်းဆုံး မိသားစုဝင် ၇ ဦး ထိခိုက်သေဆုံးပြီး ၃ ဦးမှာ သေလုမျောပါး ဒဏ်ရာရရှိခဲ့ပါသည်။

အခုလိုဖြစ်ရခြင်း၏အကြောင်းရင်းမှာ ရက္ခိုင့်တပ်တော်အေအေသည် ရိုဟင်ဂျာကျေးရွာများတွင် နေရာယူထား ပြီး ရိုဟင်ဂျာများကို လူသားဒိုင်းအဖြစ်အသုံးပြုနေခြင်းကြောင်းဖြစ်သည်။ အမြဲလိုလို ပြုလုပ်လာသော၊ အကြင်နာတရား ကင်းမဲ့သော စစ်ကောင်စီသည် ရိုဟင်ဂျာအရပ်သား ပြည်သူများကို ရည်ရွယ်ချက်ရှိရှိ သေစေဖျက်ဆီး သောလုပ်ရပ်ကို အေအေက အခွင့် ကောင်းယူခြင်း ဖြစ်ပါသည်။

ဘူးသီးတောင်မြို့နယ် သပိတ်တောင် ကျေးရွာမှ ရိုဟင်ဂျာလူငယ် ၂၇ ဦးကိုဇွန်လ ၅ ရက်နှင့် ၆ ရက်နေ့တို့တွင် ရက္ခိုင့်တပ်တော်အေအေက ပြန်ပေးဆွဲခဲ့ပြီး ဇွန်လ ၆ ရက်၌ စိမ့်ညင်းပြားကျေးရွာမှ ရိုဟင်ဂျာ ၂ ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း ဒေသခံများထံမှ သတင်းရရှိပြီး ၎င်းကျေးရွာများမှ လူငယ်များကို ထပ်မံပြန်ပေးဆွဲရန် ရက္ခိုင့်တပ်တော်ကရှာဖွေနေသည့်အတွက် ရိုဟင်ဂျာ များ အသက်ရှင်နေထိုင်ရန်ပင် ခဲယဉ်းနေသည်။

ကျွန်တော်တို့ ARSPH သည် ဤကဲ့သို့သော ရွံ့ရှာစက်ဆုတ်ဖွယ် ကောင်းသော လုပ်ရပ်မှန်သမျှကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပြီးအောက်ပါတို့ကိုတောင်းဆိုလိုက်သည်။

၁။ ရက္ခိုင့်တပ်တော်မှချက်ခြင်းဆုတ်ခွါပေးရေး - ရက္ခိုင့်တပ်တော်အေအေသည် ရိုဟင်ဂျာကျေးရွာများကို စစ်တိုက်ဗျူဟာမြောက်နေရာအဖြစ်အသုံးပြုနေခြင်းကို ချက်ချင်းရပ်တန့်ပြီး ရိုဟင်ဂျာလူငယ်များကို ပြန်ပေးဆွဲခြင်းရပ်တန့်ရန် နှင့် ရိုဟင်ဂျာအရပ်သားများကို လူသားဒိုင်းအဖြစ် အသုံးပြုနေခြင်းကို ချက်ချင်းရပ်တန့်ရန်။

၂။ စစ်ကောင်စီမှဗုံးကြဲတိုက်ခိုက်မှုရပ်စဲရေး - ရိုဟင်ဂျာများ နေထိုင်ရာ ကျေးရွာများကို ဗုံးကြဲတိုက်ခိုက် ခြင်း၊ ဒရုန်းများဖြင့်တိုက်ခိုက်ခြင်းနှင့် ရိုဟင်ဂျာများကို ပစ်မှတ်ထားခြင်း သည် လက်ခံစရာအကြောင်း မရှိ၍ ချက်ချင်း ရပ်တန့်ရန်။

Email: info@arsph.org, arsphofficial@gmail.com
Facebook: @arsphrofficial, Twitter: @arsphrofficial, Instagram: arsph_official
Whatsapp: +15195214539, +8801883480941
KUTUPALONG ROHINGYA REFUGEE CAMP, UKHIYA, COX'S BAZAR, BANGLADESH

၃။ နိုင်ငံတကာ ဝင်ရောက်စွက်ဖက်ရေး- စစ်ကောင်စီနှင့် ရက္ခိုင့်တပ်တော်အေအေတို့သည် ရိုဟင်ဂျာများကို ပစ်မှတ်ထားလုပ် ဆောင်နေသည့် သတ်ဖြတ်မှုများ၊ ပြန်ပေးဆွဲမှုများ၊ အကြမ်းဖက်မှုများ ရပ်တန့်ရန် နိုင်ငံတကာအနေဖြင့် ဝင်ရောက်စွက်ဖက်ပြီး ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ပေးရန်နှင့် ရိုဟင်ဂျာ လူမျိုးစုအား အကာအကွယ်ပေးနိုင်ရန် ကမ္ဘာ့ခေါင်းဆောင်များနှင့်အဖွဲ့အစည်းကြီးများ အနေဖြင့်ကြားဝင် ဆောင်ရွက် ပေးရန် အရေးတကြီးလိုအပ်နေကြောင်း ပြောလိုပါသည်။

For more information : info@arsph.org